# အရိယာလေးမျိုး

## ရှင်အာစာရ

ဗုဒ္ဓသာသနာ၏ အဓိက ပန်းတိုင်သည် အရိယာဖြစ်ရေး၊ နိဗ္ဗာန်မျက်မှောက်ပြုရေးပင် ဖြစ်၏။ **‘အရိယာ’**ဟူသော ဝေါဟာရသည် သာသနာနှင့် နီးစပ်သူတို့အတွက် အထူးအဆန်း မဟုတ်ပေ။ ထိုဝေါဟာရသည် နေစဉ်သုံး အရပ်စကားကဲ့သို့ သူတော်စဉ်တို့၏ ဓမ္မသာကစ္ဆာ စကားဝိုင်း၌ အသုံးအများဆုံး မွေးစားစကားလုံး တစ်ခုဖြစ်၏။ ထိုဝေါဟာရသည် မုချအားဖြင့် မဂ်ဖိုလ်ကို မျက်မှောက်ပြုပြီးသော သူတော်စင်တို့ကို ရည်ညွှန်း၏။

ဤ၌ ‘အရိယ’ဟူသော ပါဠိပုဒ်ကို ‘အရိယာ’ဟု သံရှည်ပြု၍ မြန်မာစကားအဖြစ် မွေးစားထားခြင်း ဖြစ်သည်။ အဋ္ဌကထာငါးစောင်[၁]၊ ဋီကာရှစ်စောင်[၂]တို့၌ မူရင်းပါဠိပုဒ် ‘အရိယ’၏ အဓိပ္ပာယ်ကို သုံးမျိုး ဖွင့်ဆိုထားသည်။ သို့ဖြစ်၍ ‘အရိယာ’ဟူသော ပါဠိသက် မြန်မာဝေါဟာရကို ထိုထို အဋ္ဌကထာ၊ ဋီကာတို့နှင့်အညီ အဓိပ္ပာယ်သုံးမျိုး ဖွင့်ဆိုနိုင်သည်။

၁။ ကိလေသာ ကင်းဝေးသောကြောင့် အရိယာမည်၏။ (ကိလေသေဟိ အာရကတ္တာ)

၂။ အကျိုးမဲ့ ပျက်စီးဆုတ်ယုတ်ကြောင်း တရား၌ မဖြစ်, မယှဉ်, ထိုတရားကို မကျင့်သုံး၊ အပြန်အားဖြင့် ကြီးပွားတိုးတက်ကြောင်း ကောင်းမြတ်သော တရား၌သာ ဖြစ်တတ်, ယှဉ်တတ်, ထိုတရားကိုသာ ကျင့်သုံးတတ်သောကြောင့် အရိယာမည်၏။ (အနယေ န ဣရိယနတော, အယေ စ ဣရိယနတော)

၃။ နတ်လူတို့၏ ကိုးကွယ်ဆည်းကပ်ရာ ဖြစ်သောကြောင့် အရိယာမည်၏။ (‘သဒေဝကေန လောကေန’ ဟူ၍ အရဏီယတော)

ဤဖွင့်ဆိုချက်များသည် ကိလေသာ လုံးဝကင်းစင်တော်မူသော အသန့်ရှင်းဆုံး အစင်ကြယ်ဆုံး ဖြစ်တော်မူကြသည့် ဘုရားစသော ပရမတ္ထအရိယာ, ဝိသုဒ္ဓိအရိယာတို့နှင့် အောက်အောက် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် သူမွန်သူမြတ်တို့ကို ရည်ရွယ်၏။ ဖွင့်ဆိုချက် အမျိုးမျိုး ကွဲပြားသော်လည်း အဓိပ္ပာယ် အရကောက်အားဖြင့် တူညီ၏။

သို့သော် ဣန္ဒသမာနဂေါတ္တဇာတ်တော်[၃]နှင့် တိလမုဋ္ဌိဇာတ်တော်[၄]တို့ အလိုအားဖြင့် အရိယာ အမျိုးအစား လေးမျိုးပြား၍ ယုတ်စွအဆုံး တိရစ္ဆာန်တို့သည်ပင် အရိယာမည်နိုင်၏။ ထိုအရိယာ လေးမျိုးကား

၁။ အာစာရအရိယာ၊

၂။ ဒဿနအရိယာ၊

၃။ လိင်္ဂအရိယာ နှင့်

၄။ ပဋိဝေဓအရိယာ–တို့ ဖြစ်ကြ၏။

### ၁။ အာစာရအရိယာ

ထိုအရိယာ လေးမျိုးအနက် လူဖြစ်စေ, နတ်ဖြစ်စေ, တိရစ္ဆာန်ပင်ဖြစ်စေ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ ပရမတ္ထအရိယာ သူတော်စင်တို့၏ အကျင့်ကို လိုက်နာကျင့်သုံးသူ၊ အရိယာ သူမြတ်တို့ကို အတုလိုက်၍ ကျင့်ကြံသူ ပုထုဇဉ် သူတော်ကောင်းတို့သည် 'အာစာရအရိယာ'မည်၏။ ထို ပုထုဇဉ်သူတော်ကောင်း 'အာစာရအရိယာ'တို့ကို ဇာတ်အဋ္ဌကထာတို့၌ မြောက်များစွာ တွေ့ရသည်။

အဋ္ဌိသေနဇာတ်တော်[၅]၌ ပုထုဇဉ်မျှသာ ဖြစ်ကြသော ဘုရားလောင်း အဋ္ဌိသေန ရသေ့နှင့် အရှင်အာနန္ဒာလောင်း ဗြဟ္မဒတ်မင်းတို့ကို 'အရိယာ'ဟု ရည်ညွှန်းထား၏။ 'အလှူပေး အရိယာသည် အလှူခံ အရိယာအား မပေးလှူနိုင်သောအရာ မရှိ'ဟု ဆိုသည်။ ဤဇာတ်တော်၌ ဗြဟ္မဒတ်မင်းသည် အရိယာတို့၏ အလေ့အကျင့်ဖြစ်သော ဒါန၌ မွေ့လျော်၏။ ပေးလှူလိုသည်။ အဋ္ဌိသေန ရသေ့သည် အရိယာတို့၏ ထုံးစံအတိုင်း 'တောင်းခြင်းသည် မုန်းဆေးမည်၏'ဟု နှလုံးပိုက်၍ တောင်းရမ်းခြင်း မပြု။ လှူတိုင်းလက်မခံ။ 'ရည်ရွယ်၍ရပ်ခြင်း'ဟူသော 'အရိယယာစန'၊ 'အရိယာတို့၏ အလှူခံနည်း'ကိုသာ ကျင့်သုံး၏။ ရှေးရှေးသော အရိယာ သူတော်ကောင်းတို့၏ လမ်းရိုးလမ်းမှန်ကို လျှောက်လှမ်း ခဲ့ကြသော ထိုအလောင်းတော်တို့သည် 'အာစာရအရိယာ'များ ဖြစ်ကြ၏။

မဟာသုတသောမဇာတ်တော်[၆]၌ ဘုရားလေင်း သုတသောမမင်းနှင့် အကျွတ်ရား ရပြီးသော အင်္ဂုလိမာလအလောင်း ပေါရိသာဒတို့သည် ပုထုဇဉ်မျှသာ ဖြစ်ကြသော်လည်း ထို အလောင်းတော် တို့ကို 'အရိယာ'ဟု ရည်ညွှန်းထား၏။

ဤဇာတ်တော်၌ သုတသောမမင်းသည် မိတ်ဆွေဖြစ်ခဲ့ဖူးသော လူသားစား ပေါရိသာဒကို အကျွတ်တရားရအောင် ဆုံးမ၏။ ထိုဆုံးမမှုကြောင့် ပေါရိသာဒ ကျေကျွတ်သွား၏။ သုတသောမ မင်းသည် ဆိုးသွမ်းနေသော မိတ်ဆွေပေါရိသာဒ၏ အကျိုးကို လိုလား၏။ အဆိုးအသွမ်း ပေါရိသာဒကို သနားငဲ့ညှာ၏။ ပေါရိသာဒသည်လည်း မိတ်ဆွေသုတသောမမင်း၏ သဘောရင်းကို နားလည်၏။ အဆုံးအမကို ခံယူ၏။ စာနာထောက်ထား သနားငဲ့ညှာမှု, အပြန်အလှန် နားလည်မှုဟူသော မိတ်ဆွေစစ်တို့၏ ဂုဏ်အင်္ဂါနှင့် ညီညွတ်ကြသော ထိုအလောင်းတော် တို့သည်လည်း 'အာစာရအရိယာ'များ ဖြစ်ကြ၏။

မဟာဥက္ကုသဇာတ်တော်[၇]၌ တိရစ္ဆာန်တို့ကိုပင် 'အရိယာ'ဟု ရည်ညွှန်းထား၏။ 'အရိယာသည် အရိယာ၏ အမှုကိစ္စကို ပြုပေး၏'ဟု လာရှိသည်။ ဤဇာတ်တော်၌ မိတ္တာဗန္ဓက သတို့သားလောင်း သိန်းစွန်ငှက်၊ အရှင်သာရိပုတ္တရာလောင်း ဝန်လိုငှက်၊ အရှင် မောဂ္ဂလာန်လောင်း လိပ် နှင့် ဘုရားလောင်း ခြသေ့်မင်းတို့သည် မိတ်ဆွေများ ဖြစ်ကြ၏။ တစ်ညသော် မုဆိုးတို့သည် သိန်းငှက်များကို သတ်ဖြတ်ရန် ရောက်လာကြ၏။ ထိုအခါ သိန်းငှက်သည် မိတ်ဆွေတို့ကို အကူအညီတောင်း၏။ မိတ်ဆွေတို့ကလည်း ကူညီကြသောကြောင့် အန္တရာယ် ကင်းလေသည်။

မုဆိုးတို့သည် အလင်းရောင်ရအောင် မီးဖို၍ သိန်းငှက်သိုက်ရှိရာ ထိန်ပင်ပေါ် တက်၏။ ထိုစဉ် ဝန်လိုငှက်က အတောင်ဖြင့်လည်းကောင်း၊ နှုတ်သီးဖြင့်လည်းကောင်း ရေကို ဆောင်ယူကာ မီးဖိုကို ငြိမ်းသတ်သည်။ မုဆိုးတို့သည် ဝန်လိုငှက်ကိုပါ သတ်မည်ဟု အငြိုးထား၍ မီးညှိကြပြန်၏။ ဝန်လိုငှက်ကလည်း ငြိမ်းသတ်ပြန်သည်။

သန်းခေါင်းအချိန်ရောက်သော် ဝန်လိုငှက် ပင်ပန်းလာ၍ လိပ်ကို အကူအညီ တောင်းရ၏။ လိပ်သည် ကိုယ်ကို ရေမှာလူး၍ ညွန် မှော်တို့ကို ယူပြီးလျှင် မီးဖို၌ ဝပ်ကာ မီးအလင်းကို ငြိမ်း၏။ မုဆိုးတို့သည် လိပ်ကို အဝတ်ပုဆိုးဖြင့် ရစ်ပတ်၍, နွယ်ကြိုးဖြင့် ချည်နှောင်၍ ဖမ်းယူကြ၏။ အားကောင်းသော လိပ်သည် မုဆိုးတို့ကို ရေနက်ရာသို့ ဆွဲခေါ်သွား၏။ သို့သော် မုဆိုးတို့သည် ရေမှ ပင်ပန်းစွာ တက်ခဲ့ကြပြီး တစ်ဖန် မီးမွှေးကြပြန်၏။

ထို့ကြောင့် နောက်ဆုံး၌ ခြသေ့်မင်းကို အကူအညီ တောင်းရ၏။ ခြသေ့်မင်း ရောက်လာသောအခါ မုဆိုးတို့သည် ကြောက်လန့်၍ ထွက်ပြေးကြ၏။ ခြသေ့်မင်းသည် လိပ်နှင့် ငှက်တို့အား မိတ်ဆွေ ဖွဲ့ခြင်း၏ အကျိုးကို ဟောကြား၏။

ဤသို့ ဘေးအန္တရာယ်ကို အတူရင်ဆိုင် ဖြေရှင်းပေးနိုင်သော မိတ်ဆွေကောင်းသည် တိရစ္ဆာန်ပင် ဖြစ်သော်လည်း ‘အာစာရအရိယာ’မည်၏။

စူဠဟံသဇာတ်တော်[၈]နှင့် မဟာဟံသဇာတ်တော်[၉] တို့၌လည်း မိတ်ဆွေကောင်း ပီသသော တိရစ္ဆာန်တို့ကိုပင် ‘အရိယာ’ဟု ရည်ညွှန်းထား၏။ ဤ ဟံသဇာတ်တော်တို့၌ ဘုရားလောင်း ရွှေဟင်္သာမင်းသည် အခြံအရံ ကိုးသောင်းနှင့်တကွ စိတ္တကုဋ်တောင်၌ နေ၏။ အရှင် အာနန္ဒာ လောင်း သုမုခရွှေဟင်္သာသည် ဘုရားလောင်း၏ စစ်သူကြီးဖြစ်၏။

တစ်နေ့သော် ရွှေဟင်္သာမင်းနှစ်ပါး နှင့် အခြံအရံဟင်္သာတို့ ခေမာရေအိုင်၌ ကျက်စားကြစဉ် ဘုရားလောင်းသည် ကျော့ကွင်း၌ ဖမ်းမိ၏။ ထိုစဉ် အခြားဟင်္သာတို့ ဘုရားလောင်းကို စွန့်ခွာသွားကြသော်လည်း သုမုခဟင်္သာသည် ဘုရားလောင်း၏ အနားမှာပင် နေ၏။ ဘုရား လောင်းက နှင်ထုတ်သော်လည်း ထွက်မသွားပေ။ ထို ရွှေဟင်္သာတို့ကို တွေ့ရသော မုဆိုးသည် ‘အရိယဝတ္တာသိ’ စသည်ဖြင့် သုမုခရွှေဟင်္သာကို ချီးကျူး၏။ ‘အရှင်သခင်ကို ရိုသေပါပေစွ၊ သူတော်ကောင်းတို့၏ ကျင့်ဝတ်နှင့် ပြည့်စုံပါပေစွ’ဟု ချီးကျူးစကားဆိုကာ ဟင်္သာတို့ကို လွှတ်ပေးလိုက်၏။

ဤသို့ ဘေးရန်ကြုံသော်လည်း ဘဝဖော်ကို မစွန့်ခွာခြင်းသည် မိတ်ကောင်းဆွေကောင်း သူတော်ကောင်းတို့၏ ဓလေ့သဘာဝဖြစ်ကြောင်း ပဌမမိတ္တသုတ်[၁၀]၌ ဟောတော်မူ၏။ ဤသို့ သော ဘဝဖော် မိတ်ဆွေကောင်းတို့သည် တိရစ္ဆာန်ပင် ဖြစ်သော်လည်း ‘အာစာရအရိယာ’ မည်၏။

လယ်တီဆရာတော်၏ အလိုအားဖြင့် ကလျာဏပုထုဇဉ်သည် ‘အာစာရအရိယာ’ မည်၏[၁၁]။ ဆရာတော်၏ အလိုအားဖြင့် အခြံအရံ အကျော်အစောကို တောင့်တ၍ ပြုအပ်သော ဒါနသည် အယုတ်အညံ့ ဟီနဒါနမည်၏။ ကုသိုလ်အကျိုးကို မျှော်ကိုး၍ ပြုသောဒါနသည် အလယ်အလတ်

မဇ္ဈိမဒါနမည်၏။ ‘ဒါနမည်သည်ကား အရိယာတို့ ပြုမြဲအစဉ်အလာ ဖြစ်သောကြောင့် ဒါနပြုသင့်လှပေသည်’ဟု ကြံစည်၍ ဆည်းပူးအပ်သော ဒါနမှုသည် အမြင့်မြတ်ဆုံး ပဏီတဒါနမည်၏။ ပဏီတဒါနကို ပြုဆည်းပူးသော ကလျာဏပုထုဇဉ်သည် ‘အာစာရအရိယာ’ မည်၏။

အာစာရအရိယာတို့သည် ပုညကြိယာဝတ္ထု ဆယ်ပါးတို့ကို အမွန်မြတ်ဆုံး ပဏီတ ဖြစ်အောင် ပြုဆည်းပူးကြလေ၏။

တနည်းဆိုရသော် ဆဋ္ဌင်္ဂုပေက္ခာနှင့် ပြည့်စုံတော် မူကြသည့် ရဟန္တာသူမြတ်တို့သည် ဒွါရခြောက်ပါး၌ ထင်လာသမျှ အာရုံဆိုးကောင်းတို့ကို ဝမ်းသာခြင်း စိတ်ပျက်ခြင်း အလျဉ်းမရှိဘဲ သိရုံမျှသာသိ၍ အညီအမျှ လျစ်လျူ ရှုနေနိုင်၏။ ရုပ်နာမ်တို့၏ ပကတိသဘာဝကို သတိ ပညာဖြင့် ရှုကြည့်နေနိုင်၏။

‘အာစာရအရိယာ’မည်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် တို့သည်လည်း သင်္ခါရုပေက္ခာဉာဏ် ရောက်အောင် အားထုတ်ပြီးဖြစ်လျှင် ထင်လာသမျှ အာရုံအမျိုးမျိုးတို့ကို ရဟန္တာ သူမြတ်တို့ ကဲ့သို့ပင် ရှုမြင်နိုင်ကြ၏။

ထို့ကြောင့် ‘ဒွါရခြောက်ပါးမှာ အညီအမျှ ရှုနိုင်တယ်ဆိုတဲ့ ဒီဂုဏ်တွေဟာ ရဟန္တာပုဂ္ဂိုလ်မှာ အမြဲတမ်း ပြည့်စုံပါတယ်။ ဒီပြင် ပုဂ္ဂိုလ်တွေမှာတော့ အားထုတ်နေတဲ့ အခါလောက်သာ ပြည့်စုံနိုင်ပါတယ်။ ဒါကြောင့် ဝိပဿနာယောဂီပုဂ္ဂိုလ်လည်း အားထုတ်လို့ရှိရင် ရဟန္တာပုဂ္ဂိုလ်ရဲ့ ဂုဏ်တွေနဲ့ ပြည့်စုံပြီးတော့ နေနိုင်ပါတယ်။’–ဟု အရိယာဝါသတရားတော်[၁၂]၌ မဟာစည် ဆရာတော်ဘုရားကြီး မိန့်တော်မူ၏။

အချုပ်ဆိုရသော် အနိမ့်ဆုံးအားဖြင့် သူတော်ကောင်းစိတ်ရှိသော တိရစ္ဆာန်တို့သည် လည်းကောင်း၊ အမြင့်ဆုံးအားဖြင့် သင်္ခါရုပေက္ခာဉာဏ်ကိုရသော ကလျာဏပုထုဇဉ် ရှင်သူတော် လူသူတော်တို့သည် လည်းကောင်း ‘အာစာရအရိယာ’များ ဖြစ်ကြ၏။

## ၂။ ဒဿနအရိယာ

ရုပ်ဆင်းအင်္ဂါ အားဖြင့်လည်းကောင်း, နေပုံထိုင်ပုံ သွားပုံလာပုံ စားပုံသောက်ပုံ အမူအရာ ဣရိယာပုထ် အားဖြင့်လည်းကောင်း ရှုမြင်ရသူတို့ စိတ်နှလုံး နှစ်ခြိုက်ဖွယ်ကောင်းသူ၊ အသွင် အပြင် အမြင်အားဖြင့် ကြည်ညိုစရာ ကောင်းသူသည် ‘ဒဿနအရိယာ’မည်၏။ (ပသန္နေန ဒဿနီယေန သမန္နာဂတော)

ရုပ်ဆင်းအင်္ဂါ တင့်တယ်မှု မတင့်တယ်မှု ကွဲပြားရာ၌ အတိတ်ကံ စီမံအပ်သော ခန္ဓာကိုယ် အချိုးအစားအပြင် ရုပ်ခန္ဓာကို ညှိုးနွမ်းစေနိုင်သော ကိလေသာ အပူအပန် နည်းခြင်းများခြင်း သည်လည်း ပဓာနအကြောင်းဖြစ်၏။ အတိတ်ကံ စီမံအပ်သော ကမ္မဇရုပ်ကို အရင်းတည်သည့် လက်ရှိခန္ဓာ ချောမောလှပမှု ပြေပြစ်ခန့်ငြားမှု မရှိသော်လည်း ကိလေသာ ပူပန်မှု နည်းပါးသော

ကြောင့် ကိုယ်အဆင်းအင်္ဂါ ကြည်လင်သူ နှစ်လိုကြည်ညိုဖွယ် ရှိသူများကိုလည်းကောင်း၊ အတိတ်ကံကြောင့် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သော်လည်း ကိလေသာ ဖျက်စီးအပ်သော စိတ်ဓာတ်ကြောင့် အလုပျက်ရသူ လူ့အော့ကြောလန်များကိုလည်းကောင်း လောက၌ အထင်အရှား တွေ့မြင်နိုင်၏။

ဘုရားရဟန္တာ အရိယာ သူတော်စင်တို့၏ စိတ်ဓာတ်သည် ကိလေသာပူပန်မှု ကင်းသော ကြောင့် စင်ကြယ်၏။ စင်ကြယ်သော စိတ်ကြောင့် ကိုယ်ရေအဆင်း တောက်ပတင့်တယ်၏။ စိတ်အစဉ်၌ ကိလေသာ မရှိသောကြောင့်, စိတ်အစဉ်၌ ကောက်ကျစ်ရှုပ်ထွေးမှု ကင်းသောကြောင့် 'စိတ်၏တံခါးပေါက်'ဟု ခေါ်ဆိုကြသော မျက်စိမျက်နှာသည်လည်း ကြည်လင်တောက်ပနေ၏။ ကြည်ညိုစရာ ကောင်း၏။

'အတီတံ နာနုသောစန္တိ၊ နပ္ပဇပ္ပန္တိ နာဂတံ။

ပစ္စုပ္ပန္နေန ယာပေန္တိ၊ တေန ဝဏ္ဏော ပသီဒတိ။' –ဟုဒေဝတာသံယုတ် အရညသုတ်[၁၃]၌ နတ်သားတစ်ယောက်ကို ဘုရားရှင် ဟောတော်မူ သည့်အတိုင်း ပြီးခဲ့သည့် အတိတ်ကိုလည်း မကြောင့်ကြ, မရောက်သေးသည့် အနာဂတ်ကိုလည်း မတောင့်တ, ပစ္စုပ္ပန် အခိုက်အတန့်၌ ရနိုင်သမျှဖြင့် ရောင့်ရဲ မျှတနိုင်သောကြောင့်လည်း ဘုရားရဟန္တာတို့၏ အဆင်းရူပကာယသည် အစဉ်အမြဲ ကြည်လင်တောက်ပနေ၏။ ကြည်ညိုစရာ ကောင်းနေ၏။

ဘုရားရှင်သည် ကိလေသာ ကင်းစင်တော်မူ၍ ရုပ်ဆင်းအင်္ဂါ တင့်တယ်သပ္ပာယ်ခြင်း၌ အမြတ်ဆုံး ဖြစ်တော်မူ၏။ ပါရမီတော် အဟုန်တို့ကြောင့်လည်း ဘုရားရှင်သည် တင့်တယ်သော အဆင်းအင်္ဂါနှင့် ပြည့်စုံတော်မူ၏။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်စသော ဘုရားရှင်၏ တပည့်သား အရိယာသံဃာတော် တို့သည်လည်း ကိလေသာ ကင်းစင်သောကြောင့် ရုပ်ဆင်းအင်္ဂါ တင့်တယ်သပ္ပာယ်တော်မူကြ၏။ မှန်၏။ သာမန်ပုထုဇဉ်တို့သည်ပင် လောဘငွေ့, ဒေါသငွေ့စသော ကိလေသာ အငွေ့အသက် နည်းပါးနေခိုက် ရုပ်ဆင်းအင်္ဂါ ကြည်လင်၍ ရှုချင်စဖွယ် လန်းဆန်း တက်ကြွနေပေသည်။ ကိလေသာ လုံးဝကင်းသော အရိယာတို့၏ ရုပ်အဆင်းကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ဤနေရာ၌ ရူပကာယ လှပတင့်တယ်မှုအပေါ် တွယ်တာတပ်မက်၍ သာယာဖွယ် ရှာခြင်းကို ဘုရားရှင် ကဲ့ရဲ့တော်မူကြောင်း သတိထားသင့်၏။ သို့သော် သပ္ပာယ်တင့်တယ်သော ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်သာဝကတို့ကို ဖူးမြင်၍ ခိုင်မြဲသောသဒ္ဓါ, မတုန်လှုပ်သောသဒ္ဓါ, တည်ငြိမ်သော ချစ်ခင်လေးမြတ်မှုတို့ကို တိုးပွားစေနိုင်လျှင် 'ဒဿနာနုတ္တရိယ – အမြတ်ဆုံး မြင်တွေ့မှု' ဖြစ်ကြောင်း အနုတ္တရိယသုတ်[၁၄]၌ ဘုရားရှင် ဟောတော်မူ၏။

ဘုရားရဟန္တာတို့၏ ရူပကာယအသရေတော် တင့်တယ်ခြင်းကြောင့် ရုပ်ဆင်းအင်္ဂါ တင့်တယ်မှုကို အမှီပြု၍ သဒ္ဓါတရား တိုးပွားကြသူ ရူပပမာဏပုဂ္ဂိုလ်တို့ ကောင်းကျိုးရကြ၏။

ဖူးမြင်ရသူတို့ ကုသိုလ်တိုးပွားကြောင်းဖြစ်သော ကိလေသာကင်းသည့် ဘုရားရှင်တို့၏ တင့်တယ်သော ရူပကာယ အသရေတော်သည် အရိယာတို့၏ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်၏။

ဖူးမြင်ရသူတို့၏ စိတ်နှစ်လုံးကို ရွှင်ပြုံးနှစ်သက် ကြည်ညိုစေနိုင်သော သွားလာ နေထိုင် စားသောက်မှု ကိုယ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့် ပုထုဇဉ် ရသေ့ရဟန်းတို့သည် ဘုရား ရဟန္တာ အရိယာ သူတော်စင်တို့နှင့် တစ်စိတ်တစ်ဒေသအားဖြင့် တူညီသောကြောင့် အရိယာများပင် ဖြစ်ကြ၏။ 'ဒဿနအရိယာ'များ ဖြစ်ကြသည်။ အလားတူပင် ခန္ဓာကို သတိဖြင့် ရှုမှတ်နေသူ၊ ဣရိယာပုထ်သိမ်မွေ့သည့် လူသူတော်စင်တို့ကိုလည်း 'ဒဿနအရိယာ'ဟု ဆိုနိုင်၏။

သမ္ဘပါလဇာတ်တော်[၁၇]လာ ပုထုဇဉ်မျှသာဖြစ်သော အာဠာရရသေ့သည် 'ဒဿနအရိယာ' မည်၏။ ဤဇာတ်တော်၌ အရှင်အာနန္ဒာလောင်း ဗာရာဏသီမင်းသည် အရှင်သာရိပုတ္တရာလောင်း အာဠာရရသေ့၏ ဣရိယာပုထ်ကို မြင်မြင်ချင်း ကြည်ညို၏။ အပြစ်ကင်းသော ကိုယ်ရောင်ကိုယ်ဝါနှင့် ကြည်လင်တောက်ပသော မျက်စိရှိသည့် ရသေ့မြတ်ကို 'အရိယာ'ဟူသော ဝေါဟာရဖြင့် ချီးကျူးထား၏ (အရိယာဝကာသော)။

ထိုအာဠာရ ရသေ့သည် ပသန္နနေတ္တော – ကြည်လင်တောက်ပသော မျက်စိရှိ၏။ အရိယာဝကာသော – ကိုယ်ရေအဆင်း အပြစ်ကင်း၍ တင့်တယ်၏။ အဘိရူပေါ □ ချောမော ပြေပြစ် လှပ၏။ ဒေဝဝဏ္ဏော – နတ်ကဲ့သို့ တင့်တယ်သော အဆင်းရှိ၏။ အရိယသဒိသော– ရုပ်အဆင်းအားဖြင့် အရိယာနှင့်တူ၏။ အရိယပဋိရူပကော – အရိယာတို့၏ ကိုယ်ပွား အရိယာတို့၏ ပုံတူသဖွယ်ဖြစ်၏။

ဗာရာဏသီမင်းကို မြင်မြင်ချင်း ကြည်ညိုစေနိုင်သော အာဠာရ ရသေ့ကဲ့သို့ ဣရိယာပုထ် စင်ကြယ်သော, ကြည်ကြည်ဖွယ်ရာ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော ရသေ့ရဟန်း သူတော်ကောင်း၊ လူသူတော်ကောင်းတို့သည် 'ဒဿနအရိယာ' မည်၏။

လယ်တီဆရာတော်၏ အလိုအားဖြင့် ပရမတ္ထအရိယာသည် 'ဒဿနအရိယာ'မည်၏[၁၆]။ ဤ၌ ဆရာတော်သည် 'ဒဿန'အရ မဂ်ဉာဏ်ကို ယူ၏။

### ၃။ လိင်္ဂအရိယာ

သာသနာတော်၌ ရဟန်းအသွင်(လိင်္ဂ)သည် အလွန်မြင့်မြတ်၏။ ရဟန်းအသွင်သည် သာသနာတော် တည်တံ့ကြောင်းတစ်ခု ဖြစ်သောကြောင့် အရေးလည်းပါ၏။ မဂ်ဖိုလ်အနှစ်နှင့် နှိုင်းစာသော် ရဟန်းအသွင်သည် အကာမျှသာဖြစ်၏။ ထိုအကာသည်ပင် အနှစ်ကို ကာကွယ် ပေး၏။ ထောက်ပံ့ပေး၏။ ထို့ကြောင့် မြင့်မြတ်သည်သာတည်း။ အရေးပါသည်သာတည်း။

သက်န်းဝတ်ရုံမှု 'ရဟန်းအသွင်'ကြောင့်သာ 'ရဟန်း'ဟု ခေါ်ဆိုရသော မည်ကာမတ္တ ရဟန်းဆိုးတို့သည် 'လိင်္ဂအရိယာ'မည်၏။ အရိယာသူတော်စင် ရဟန္တာ အရှင်သူမြတ်တို့၏

အသွင်အပြင်ဖြစ်သော 'ရဟန်းအသွင်'ကိုသာ ယူထား၍ ရဟန်းအကျင့်, ရဟန်းသီလ တစ်စက်မျှ မရှိသော မိစ္ဆာဒိဋ္ဌိ ဒုဿီလရဟန်းယုတ် တို့သည်ပင် 'လိင်္ဂအရိယာ'မည်နိုင်၏။

'ဒုဿီလ'ဟု ဆိုရာ၌ လူဒုဿီလ, ရဟန်းဒုဿီလဟူ၍ ဧကန္တဒုဿီလ နှစ်မျိုးရှိရာ ပါဏာ–တိပါတစသော အကုသလကမ္မပထတရား ဆယ်ပါးကို ကျူးလွန်သော လူပုဂ္ဂိုလ်သည် လူဒုဿီလမည်၍ မေထုန်မှု, ခိုးယူမှု, ကြွားဝါလိမ်ညာမှု, လူ့အသက် သတ်ဖြတ်မှု ဟူသော ပါရာဇိကလေးပါးကို ကျူးလွန်သော ရဟန်းသည် ရဟန်းဒုဿီလမည်ကြောင်း ဓမ္မပဒအဋ္ဌကထာ[၁၇] နှင့် နေတ္တိအဋ္ဌကထာ[၁၈]တို့ ဖွင့်ဆို၏။

ဒုဿီလနှစ်မျိုးအနက် ရဟန်းဒုဿီလသည် အရိယာအသွင် ရှိနေသောကြောင့် လူဒုဿီလထက် သာလွန်မြင့်မြတ်ကြောင်း မိလိန္ဒပဉှာ[၁၉] ဆို၏။ ရဟန်းဒုဿီလသည် ရတနာ သုံးပါးကို ရိုသေ၏၊ သီတင်းသုံးဖော်တို့ကို ရိုသေ၏၊ ပါဠိ အဋ္ဌကထာသင်ယူမှု၌ အားထုတ်၏၊ ဓမ္မစကားကြားနာမှု များ၏၊ ပရိသတ်အလယ်၌ ရဟန်းအသွင်ကို ဖြစ်စေ၏၊ ကဲ့ရဲ့မှုကို ကြောက်သောကြောင့် ကိုယ်နှုတ်ကို စောင့်ရှောက်၏၊ ကမ္မဋ္ဌာန်းသို့ စိတ်ညွတ်၏၊ ရဟန်းအဖြစ်သို့ ကပ်ရောက်၏၊ မကောင်းမှုကို ပြုသော်လည်း ဖုံးလွှမ်း၍ ကျင့်၏။ ဤသို့လျှင် ရဟန်းဒုဿီလသည် လူဒုဿီလထက် သာလွန်၏။

ဤ သာလွန်မှုတို့ကို ဒုဿီလရဟန်း၏ ဖျစ်ညှစ် ထုတ်ယူအပ်သော ဂုဏ်ရည်များဟု ဆိုနိုင်၏။ ဤ၌ ဒုဿီလပုဂ္ဂိုလ်၏ ဂုဏ်ရည်ထက် ထိုဂုဏ်ရည်တို့ကို ဖြစ်စေနိုင်သော 'အရိယလိင်္ဂ' ရဟန်းအသွင်၏ သတ္တိထူးကို မြင်အောင်ကြည့်သင့်၏။ ရဟန်းအသွင်ကို အမှီပြု၍ ဤ ဂုဏ်ရည်များ ရှိနေသော ဒုဿီလရဟန်းကို 'လိင်္ဂအရိယာ'ဟု ခေါ်ဆိုနိုင်၏။

'ဒုဿီလရဟန်း'ဟူရာ၌ သုတ္တနိပါတ်ပါဠိတော် စုန္ဒသုတ်[၂၀]လာ မစောင့်စည်းသော ရဟန်းမျိုးကို ဆိုလို၏။ စုန္ဒသုတ်၌ ရွှေပန်းတိမ်သည် စုန္ဒသည် ဘုရားရှင်နှင့်တကွ ရဟန်းတော်တို့ကို နေအိမ်သို့ ပင့်၍ ဆွမ်းဆက်ကပ်၏။ စုန္ဒသည် ဆွမ်းဟင်းတို့ကို ရွှေခွက် ငွေခွက်တို့ဖြင့် ထည့်၍ ဆက်ကပ်ရာ လောဘကြီးသော ရဟန်းတစ်ပါးသည် အဖိုးတန် ရွှေခွက်တစ်ခုကို သပိတ်မှာ ထည့်ယူသွား၏။ စုန္ဒသည် ထိုရဟန်း၏ ခိုးယူမှုကို သိသော်လည်း မသိဟန် ဆောင်နေ လိုက်ပြီး ညချမ်းရောက်မှ ဘုရားရှင်ထံ သွားရောက် လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က မဂ်ဖြင့်ကိလေသာ အားလုံးကို အောင်မြင်ပြီးသော 'မဂ္ဂဇိနရဟန်း'၊ သူတစ်ပါးတို့အား မဂ်တရားကို ဟောကြားတတ်သော 'မဂ္ဂဒေသကရဟန်း'၊ မဂ်တရား၌ကျင့်ဆဲ, မဂ်တရားရရန် ကျင့်ကြံဆဲဖြစ်သော 'မဂ္ဂေဇီဝနရဟန်း'၊ မဂ်ခရီးကို ဖျက်ဆီးတတ်သော 'မဂ္ဂဒူသီရဟန်း' ဟူ၍ ရဟန်းလေးမျိုးရှိကြောင်း မိန့်တော်မူ၏။

"စုန္ဒ . . .၊ အကြင်သူသည် ကောင်းသောအကျင့် ကျင့်သူတို့၏ အဝတ်ကို ဝတ်ဆင်၍ ရဟန်းဘောင်သို့ သက်ဝင်ပြီး ဒါယကာတို့၏ ကြည်ညိုမှုကို ဖျက်ဆီးတတ်၏။ ကိုယ်နှုတ်နှလုံး ကြမ်းတမ်း၏။ စောင့်စည်းမှု မရှိ။ လှည့်စားတတ်၏။ သေးသိမ်ပြိန်ဖျင်းသော စကားကို

ပြောဆိုတတ်၏။ ရဟန်းတု ရဟန်းယောင် အသွင်ဖြင့် လှည့်လည် သွားလာတတ်၏။ ထိုသူကို မဂ်ခရီးဖျက်ဆီးတတ်သော ရဟန်းဟု ဆိုအပ်၏။"ဟူ၍ သာသနာတော်၌ ဒုဿီလတို့လည်း ခိုဝင်ကပ်ရောက် နေတတ်ကြောင်း မိန့်တော်မူ၏။

ဤသို့သော ဒုဿီလတို့သည် 'လိင်္ဂအရိယာ'မည်၏။

## ၄။ ပဋိဝေဓအရိယာ

နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီးသော မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန် လေးယောက်အားဖြင့် ရှစ်ယောက်သော ပရမတ္ထအရိယာ တို့သည် 'ပဋိဝေဓအရိယာ'မည်၏။ သစ္စာကို မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီးသော ဘုရားစသော သူတော်ကောင်းတို့သည် 'ပဋိဝေဓအရိယာ'မည်၏။

ဤအရိယာသည် မဂ်အရေး ဖိုလ်အရေးနှင့် တိုက်ရိုက်ဆက်စပ် နေသောကြောင့် မဂ်ဖိုလ် မရသေးသူတို့ နားလည်ရန် ခက်ခဲ၏။ မဂ်ဖိုလ်မည်သည် ရေးရုံဖတ်ရုံ ဟောရုံနာရုံမျှဖြင့် ရနိုင် သိနိုင်ကောင်းသော အရာမဟုတ်။ လက်တွေ့ ကျင့်ကြံမှုဖြင့်သာ ရအပ် သိအပ်သော တရားထူး ဖြစ်၏။

သို့သော် မဂ်ဖိုလ်ပဋိဝေဓသည် သာသနာ့ အတွင်းသားတို့အတွက် မဖြစ်နိုင်သောအရာ မဟုတ်။ ဘုရားရှင်၏ တပည့်လိမ္မာ ကလျာဏပုထုဇဉ်တို့သည် အာစာရအရိယာ, ဒဿနအရိယာ တို့မှ တစ်ဆင့် ပဋိဝေဓအရိယာဖြစ်အောင် ကြိုးစားနိုင်၏။ လွယ်ရာမှ ခက်ရာသို့, နိမ့်ရာမှ မြင့်ရာသို့ အဆင့်ဆင့် ကြိုးစား၍ ကိုယ်တိုင် ပဋိဝေဓအရိယာဖြစ်အောင် ကြိုးစားသင့်၏။

အချုပ်ဆိုရသော် အရိယာလေးမျိုးအနက် ရဟန်းယောင် 'လိင်္ဂအရိယာ'မှတစ်ပါး ကျန်အရိယာတို့သည် ဗုဒ္ဓဘာဝင်တိုင်း လေးစားအားကျ အတုယူရမည့် စံပြပုဂ္ဂိုလ်မြတ်များ ဖြစ်ကြ၏။ လိင်္ဂအရိယာများကိုကား သာသနာတော်မှ သုတ်သင်ဖယ်ရှား ပစ်ရပေမည်။ မသုတ်သင် နိုင်သည့်အဆုံး သူညစ်တို့၏ အရိယာအသွင်မှတစ်ဆင့် အရိယာစစ်တို့၏ ဂုဏ်ကို အာရုံယူ၍ ကုသိုလ်ပွားနိုင်အောင် ကြိုးစားသင့်၏။

ပုထုဇဉ်တို့ အနေဖြင့် ခန္ဓာ၏ သဘောမှန်ကို ဉာဏ်ဖြင့် စောင့်ကြည့်၍ မဂ်ဖိုလ်နှင့် နီးကပ်နေသော သင်္ခါရုပေက္ခာဉာဏ် ရသည်အထိ အားထုတ်ကာ 'အာစာရအရိယာ'မှတစ်ဆင့် ပရမတ္ထအရိယာဖြစ်အောင် ကြိုးစားသင့်၏။ 'ပဋိဝေဓအရိယာ'ဖြစ်အောင် အားထုတ်သင့်၏။ ဤမျှအထိ မတတ်နိုင်သေးလျှင် စိတ်ကောင်း မွေး၍ ပရမတ္ထအရိယာတို့၏ အကျင့်လမ်းကို လျှောက်လှမ်းသင့်၏၊ ပရမတ္ထအရိယာတို့၏ အလေ့ဓမ္မတာနှင့်အညီ ကုသိုလ်ပြုတိုင်း အမွန်အမြတ် 'ပဏီတ'ဖြစ်အောင် ကြိုးစားသင့်၏။ သို့မဟုတ်လျှင် လှုပင်ဖြစ်သော်လည်း တိရစ္ဆာန်ထက် အဆင့်နိမ့်ကျ သွားနိုင်၏။

ပရမတ္ထအရိယာတို့၏ သိမ်မွေ့သော ကိုယ်နှုတ်စိတ် အမူရာကို အတုယူ၍ အရိယာနွယ်ဝင် သူတော်စင် လူယဉ်ကျေး ရှင်ယဉ်ကျေးဖြစ်အောင်, ဒဿနအရိယာဖြစ်အောင် ကြိုးစားသင့်၏။ ဒဿနအရိယာမှတစ်ဆင့် 'ပဋိဝေဓအရိယာ'ဖြစ်အောင် ကြိုးစားသင့်၏။ လူဖြစ်စေ ရှင်ဖြစ်စေ ဘုရားရှင်၏ တပည့်သာဝက မှန်သမျှသည် အရိယာတို့၏ သိမ်မွေ့သော ကိုယ်နှုတ်စိတ် အမူရာသုံးမျိုးကို အတုယူ ကျင့်သုံးခြင်းအားဖြင့် တွေ့မြင်ရသူ, ဆက်ဆံ ပတ်သက်ရသူတို့၏ စိတ်နှလုံးကို နှစ်သိမ့်စေသင့်၏။ ဗုဒ္ဓသာဝက ဗုဒ္ဓဝါဒီ အချင်းချင်းဖြစ်စေ အပရသာဝက အပရဝါဒီတို့နှင့် ဖြစ်စေ လောကထုံးစံ ထိတွေ့ဆက်ဆံရာ၌ ကိုယ်အမူအရာ ရိုင်းပျမှု ကာယပါဂဗ္ဘိယ, အပြောအဆို ရိုင်းပျမှု ဝစီပါဂဗ္ဘိယ, စိတ်အကြံရိုင်းပျမှု မနောပါဂဗ္ဘိယ တရားဆိုးတို့ကို ပယ်စွန့်၍ အသိမ်မွေ့ဆုံး အယဉ်ကျေးဆုံး ဖြစ်အောင် ကြိုးစားသင့်၏။ သို့မှသာ သာသနာတော် ဂုဏ်ရှိန်တက်၍ မိမိအတွက်လည်း မဂ်ဖိုလ်ပဋိဝေဓနှင့် နီးစပ်ပေလိမ့်မည်။

ကြိုးစားနိုင်ကြပါစေကုန်သတည်း။

ရှင်အာစာရ

## ဖိတ်ခေါ်ချက်

ဗုဒ္ဓဓမ္မကို စိတ်ဝင်စားသူတိုင်း စိတ်ဝင်စားသော ဓမ္မအချက်အလက်ကို စာတိုက်မှဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ

(အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ)

အောက်ပါ လိပ်စာသို့ ပေးပို့ပြီး

ဆွေးနွေးခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်ကြပါရန်

လေးစားစွာ ဖိတ်ခေါ်ပါသည်

အရှင်အာစာရ
အခန်း ၂၀၁၊ အမျိုးသားဆောင် – အေ
အပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
မရမ်းကုန်း၊ ရန်ကုန်
acr@sailormoon.com

# ကျမ်းညွှန်းမှတ်စု

---

၁။ (က) ခန္ဓသံ-ဋ္ဌ၊ ၂၃၁။ (ခ) ကူတိဝုတ္တက-ဋ္ဌ၊ ၃၁၆။ (ဂ) စူဠနိဒ္ဒေသ-ဋ္ဌ၊ ၇၀။ (ဃ) ပဋိသမ္ဘိဒါမဂ္ဂ-ဋ္ဌ၊ ၂၊ ၅၁။ (င) ဓမ္မသင်္ဂဏီ-ဋ္ဌ၊ ၃၈၄
၂။ (က) သီ-ဋီ။၁၃ (ခ) သီ-ဋီ-သစ်၊ ၁၊ ၂၂ (ဂ) ပဏ်၊ ၁၊ ဋီ၊ ၁၊ ၁၃။ (ဃ) သဂါထာ-သံ၊ ဋီ၊ ၁၃။ (င) အံ-ဋီ၊ ၁၊ ၁၆ (စ) နေတ္တိ-ဋီ၊ ၁၂။
(ဆ) သာရတ္ထ၊ ၁၊ ၁၃ (ဇ) ဝိမတိ၊ ၁၊ ၄။
၃။ ဇာ၊ ဋ္ဌ၊ ၂၊ ၃၈
၄။ ဇာ၊ ဋ္ဌ၊ ၂၊ ၂၅၆
၅။ ဇာ၊ ဋ္ဌ၊ ၃၊ ၃၃၄
၆။ ဇာ၊ ဋ္ဌ၊ ၅၊ ၅၃၇
၇။ ဇာ၊ ဋ္ဌ၊ ၄၊ ၂၉၂
၈။ ဇာ၊ ဋ္ဌ၊ ၅၊ ၃၆၃
၉။ ဇာ၊ ဋ္ဌ၊ ၅၊ ၃၈၆
၁၀။ အံ၊ ၂၊ ၂၄၁
၁၁။ ပရမတ္ထဒီပနီ၊ ၂၃၄။ အနုဒိပနီပါဌ၊ ၁၆၇
၁၂။ အရိယာဝါသတရားတော် (၁၉၉၅-ခုနှစ်ထုတ်)၊ စာ-၂၅၉
၁၃။ သံ၊ ၁၊ ၅
၁၄။ အံ၊ ၂၊ ၂၈၆
၁၅။ ဇာ၊ ဋ္ဌ၊ ၅၊ ၁၇၅
၁၆။ ပရမတ္ထဒီပနီ၊ ၂၃၄။ အနုဒိပနီပါဌ၊ ၁၆၇
၁၇။ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၉၇။
၁၈၊ နေတ္တိ၊ ဋ္ဌ၊ ၂၆၁
၁၉၊ မိလိန္ဒ၊ ၂၄၉
၂၀။ သုတ္တနိ၊ ၂၉၃။ သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၁၄၂